# အသိပေးကြေညာချက် (၁/၂၀၂၆)

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မေလ ၅ ရက်

၁။ မြန်မာနိုင်ငံသို့တင်သွင်းလာသည့် သွင်းကုန်ပစ္စည်းတန်ဖိုးများ ဈေးနှုန်းမှန်ကန်မှုရှိစေရန်ရည်ရွယ်၍ ကုန်ပစ္စည်းအမျိုးအစားအလိုက် သွင်းကုန်ရည်ညွှန်းဈေးနှုန်းများကို အသိပေးကြေညာချက် (၈/၂၀၂၄)အား ၆-၈-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ (၁/၂၀၂၅) အား ၇-၃-၂၀၂၅ ရက်နေ့တွင်လည်းကောင်း အသိပေးထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၂။ အဆိုပါအသိပေးကြေညာချက်များဖြင့် သတ်မှတ်ထုတ်ပြန်ထားသည့်ကုန်ပစ္စည်းများအပြင် HS Code ၄၁၂ လိုင်းပါ ကုန်ပစ္စည်းအမျိုးအစား ၃၅၅၂ မျိုးနှင့်စပ်လျဉ်း၍ သွင်းကုန်လိုင်စင်လျှောက်ထားခြင်း၊ သွင်းကုန်ကြေညာလွှာဖွင့်လှစ်ခြင်းတို့တွင် သတ်မှတ်သွင်းကုန်ရည်ညွှန်းဈေးနှုန်းအတွင်း ၂၀၂၆ ခုနှစ်၊ မေလ ၆ ရက်နေ့မှစတင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ ဤအသိပေးကြေညာချက်ဖြင့် ထုတ်ပြန်သည့် သွင်းကုန်ပစ္စည်းများတွင် အသိပေးကြေညာချက်(၈/၂၀၂၄)နှင့် (၁/၂၀၂၅)တို့ဖြင့် ထုတ်ပြန်ထားသည့် ကုန်ပစ္စည်းများပါဝင်ပါက ယခုထုတ်ပြန်ချက်ပါ ရည်ညွှန်းဈေးနှုန်းအတိုင်းသာ အတည်ဖြစ်ပါသည်။

၄။ သွင်းကုန်ရည်ညွှန်းဈေးနှုန်းများကို အခါအားလျော်စွာ ပြန်လည်သုံးသပ်၍ ပြင်ဆင်ထုတ်ပြန်မှုများ ပြုလုပ်သွားမည်ဖြစ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**